မည်သူမဆို ကျွန်ုပ်တို့၏ ဤသာသနာတော်၌

မပါရှိသည့်အရာကို တီထွင်ဖန်တီးခဲ့လျှင် ထိုအရာသည်ပယ်ချခြင်းခံရမည်ဖြစ်သည်

မုအ်မင်န်တို့၏ မိခင်မွန်ကြီး အွမ်မေအဗ်ဒွလ္လာဟ် အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ )ကဆင့်ပြန်ခဲ့ပြောကြားခဲ့သည်။ တမန်တော်မြတ် ( وسلم عليه الله صلي
)ကမိန့်ကြားတော်မူခဲ့သည်။ " မည်သူမဆို ကျွန်ုပ်တို့၏ ဤသာသနာတော်၌
မပါရှိသည့်အရာကို တီထွင်ဖန်တီးခဲ့လျှင် ထိုအရာသည် ပယ်ချခြင်းခံရမည်ဖြစ်သည်"။
မွတ်စ်လင်မ်ကျမ်း၏ အခြားဆင့်ပြန်ချက်တစ်ခုတွင် - “မည်သူမဆို ငါကိုယ်တော်မြတ်၏
အမိန့်တော် (သာသနာ) အပေါ် အခြေမခံသော အမှုကိစ္စကို ပြုလုပ်လျှင် ၎င်းသည်ပယ်ချခြင်းခံရမည်” ဟု ဖော်ပြထားသည်။ [صحيح] [رواه البخاري ومسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ မည်သူမဆိုသာသနာတော်၌ တရားသစ်တီထွင်မည် သို့မဟုတ် ကုရ်အာန်ကျမ်းမြတ်နှင့် ဟဒီးဆ်တော်တွင်အထောက်အထားမရှိသော ကိစ္စတစ်စုံတစ်ရာကို ပြုလုပ်မည်ဆိုပါက ထိုလုပ်ရပ်သည်ပြုလုပ်သူထံမှ ပယ်ချခြင်းခံရမည်ဖြစ်ပြီး၊ အလ္လာဟ်အရှင်မြတ်ထံတော်တွင်လက်ခံသဘောတူခြင်းခံရမည်မဟုတ်ပါ။

http://www.sunnah.global/hadeeth/my/show/66514